**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**စာရင်းကိုင်-၄ ရာထူး၊ အငယ်တန်းစာရေး ရာထူးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးများအတွက် ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ခြင်း**

ရန်ကုန်မြို့ ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စာရင်းကိုင်-၄ (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး (၁၂)နေရာ၊ အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး (၁၀)နေရာနှင့် ဒုတိယလက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး (၁၀)နေရာ ခန့်ထားရန် အတွက် ရွေးချယ်ခံရသူများ၏ ခုံနံပါတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

**ခုံနံပါတ်** ရက - ၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၂၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၁၊ ၄၂၊ ၄၄၊ ၄၅။

၂။ ရွေးချယ်ခံရသူများသည် ၅-၂-၂၀၂၄ ရက်နေ့ (တနင်္လာနေ့)၊ (၀၉:၀၀) နာရီအရောက် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အမှတ်-၁၃၂၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် အချိန်မီလာရောက်သတင်းပို့ရန်နှင့် လာရောက်သတင်းပို့ချိန်တွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်သည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ် မူရင်း/မိတ္တူ

(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်) (မူရင်း)

(ဃ) ၁ လက်မ x ၁.၂၅ လက်မ အရွယ်အစားရှိ လိုင်စင်ဓါတ်ပုံ (၅)ပုံ

၃။ အထက်အပိုဒ်(၁)ပါ ရာထူးနေရာများအတွက် ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသော နေ့ရက်၊ အချိန်တွင် လာရောက်သတင်းပို့ရန်နှင့် သတင်းပို့ရန် ပျက်ကွက်ခဲ့သူများရှိပါက ၎င်း၏ ရာထူး နေရာများတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၉)

အရ ရွေးချယ်ခန့်ထားရန် အရန်စာရင်းရှိ ရမှတ် အများ-အနည်းအလိုက် တန်းစီဇယားပါ အမှတ်စဉ် များအတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားသွားမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၁၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**